# ကိုမ

## ချစ်တယ်လို့ပြောပါဦး

GRAPHIC DESIGN THEIN SHWE KYI

# အခန်း (၁)

“သမီးအတွက် မွေးနေ့လက်ဆောင်”

ပေါ်တီကို အောက်မှာ ရပ်ထားသော ကားအနီရဲရဲလေးက ထည်ထည်ဝါဝါ ဝင့်ဝင့်ကြွားကြွား။ အနီရောင်က သူမရဲ့ ခရေဇီ။

ချစ်စရာကောင်းလွန်းတာမို့ သူမ ပွေ့ပိုက်လို့ တောင် ထားချင်လှသည် ။

“ဆိုင်ကို အငှားကားနဲ့ သွားနေရတာ ဖေဖေ စိတ်မကောင်းလို့ သမီးမွေးနေ့နဲ့ တိုက်ပြီး ဖေဖေ လက်ဆောင်ပေးတာ၊ သမီးကြိုက်တယ်မဟုတ်လား”

“ကြိုက်တာပေါ့ သမီးက အနီရောင်ဆို အရမ်းကြိုက်တာ၊ အနီရောင်က စိတ်ကိုပိုပြီး သွက်လက်ထက်မြက်စေတယ်၊ ရဲရင့်စေတယ်လို့ သမီး ယုံကြည်ထားတယ်”

“တစ်စုံတစ်ခုအပေါ်မှာ အလေးအနက် ခံစားမိရင် တစ်ဖက်စွန်းရောက်တတ်တဲ့ သင်္ကေတ မျိုးလည်း ရှိတတ်တယ်သမီး၊ ဒါပေမဲ့ သမီးရဲ့ စိတ်က နူးညံ့ပြီးသားပါ၊ တစ်ဖက်သားကို ကူညီ ရိုင်းပင်းချင်တယ်၊ စာနာစိတ်ရှိတယ်၊ ဘာဖြစ်ဖြစ် သမီးကြိုက်တာကို ပေးရလို့ ဖေဖေ ကြည်နူးပါတယ်”

“ကျေးဇူးတင်ပါတယ် ဖေဖေ၊ ဩော် ဒီနေ့သမီးဆိုင်သွားရင် ဒီကား

လေး မောင်းသွားမယ်နော်”

“သမီးက ကားမောင်းသင်ထားတယ်ဆိုပေမယ့် အရမ်းကျွမ်းကျင်သေးတာ မဟုတ်ဘဲနဲ့ မြို့ထဲဘက် မောင်းလို့ မဖြစ်သေးဘူးထင်တယ်၊ လူရှင်းသူရှင်းတဲ့ ဘက်တွေမှာ အမောင်းပြန်ကျင့် ပြီးမှ မောင်းပါကွယ်”

“ဒါဆို ဆိုင်က စောစောပြန် လာပြီး ပြန်ကျင့်လိုက်မယ် ဖေဖေ”

“သမီးတစ်ယောက်တည်းတော့ မဖြစ်ဘူး”

“သော်တာကို အဖော်ခေါ်ခဲ့ပါမယ် ဖေဖေ၊ ညမှောင်ရင် အိမ်မှာ အိပ်ခိုင်းလည်း ဖြစ်တယ်”

“အင်း အဲလိုလုပ် လိုက်လေ သမီး၊ ဖေဖေက တစ်ဦးတည်း သောသမီးလေး မွေးထားတော့ သမီးမှာ မောင်နှမသားချင်းအဖော်က လည်း မရှိဘူး၊ သော်တာက သမီးအတွက် သူငယ်ချင်းကောင်း ပီသပါတယ်၊ သူ့ကိုခေါ်လိုက်ပါ”

“ဟုတ်ကဲ့ ဒါဆို သမီးသွားတော့မယ် ဖေဖေ”

“သမီး ဒေါ်လေးကို နှုတ်ဆက်သွားဦးလေ”

“ဩော် ဟုတ်ကဲ့ ဖေဖေ၊ သမီးမေ့သွားလို့ ”

ကားသော့လေးကို လက်ညှိုးလေးနှင့် ရမ်းပြီး အိမ်ထဲ ပြန်ဝင်လာခဲ့သည် ။ အိမ်ကြီးက ခမ်းနား ကျယ်ဝန်းသလောက် သွေးသားရင်းချာ ဆိုလို့ ဖေဖေရယ် သူမရယ် ဒေါ်လေးရယ် ဒီသုံး ယောက်ပဲရှိသည် ။

ကျန်တာက ဖေဖေ့ရဲ့ အစ်မ တစ်ဝမ်းကွဲတော်သည့် ဒေါ်လေးကို ကူဖော်လောင်ဖက်ရအောင် ခေါ်ပေးထားသော အသက်ဆယ့်နှစ်နှစ်အရွယ် အပုလေးနှင့် ခြံစောင့်ကြီး ဦးသာအောင်သာရှိသည် ။ မေမေ ဆုံးပြီးနော

က်ပိုင်း အိမ်ကြီးက အလိုလို သွေ့ခြောက်သွားတာပါ၊

မေမေရှိတုန်းကဆို ဖေ့ဖေ့ ဝေယျာဝစ္စတွေ၊ သူမဝေယျာဝစ္စတွေဖြင့် တစ်နေ့လုံး ဆူညံနေပြီး ပျော်ပွဲစားခရီးတွေထွက် မြန်မာပြည်အနှံ့ ဘုရားဖူးတွေထွက်ဖြင့် ပျော်စရာအချိန်တွေချည်းပဲ ဖြစ်၏။

အခုတော့ ရာထူးတက်ပြီး အစိုးရအရာရှိကြီးတစ်ဦးဖြစ်သွားသည့် ဖေဖေက နေပြည်တော် သွားလိုက် နိုင်ငံခြားခရီးစဉ်တွေသွားလိုက်ဖြင့် အိမ်မှာ ရှိသည့်အချိန်က နည်းသလို ဘွဲ့ရပြီး Beauty Saloon ဆိုင်ဖွင့်ထားသည့် သူမကလည်း ဆိုင်မှာ သာ အချိန်ကုန်သည် က များ သည် ။

ဒေါ်လေးနှင့်ဆို ဆိုင်မသွားခင် မနက်စာစားချိန်နှင့် ညစာစားချိန်လောက်သာ တွေ့ ဖြစ်၏။

တစ်ခါတလေ ဆိုင်မှာ အလုပ်များ လို့ နောက်ကျသည့် အချိန်မျိုးဆိုလျှင် သော်တာနှင့် အပြင်မှာ စားခဲ့တာမို့ ဒေါ်လေးနှင့်လည်း လက်ဆုံမစားဖြစ်ပါ။

"ဟော ကားလက်ဆောင်ရလို့ တစ်ခါတည်း ဆိုင်ထွက်သွားပြီ အောက်မေ့တာ၊ ဘာဖြစ်လို့ ပြန်ဝင်လာတာလဲ မဒီလေး၊ ဗိုက်ပြန်ဆာလို့ လား"

"မဟုတ်ပါဘူး ဒေါ်လေးရဲ့ ၊ ခုနက နှုတ်ဆက်မသွားရလို့ ဝမ်းကစ်(စ်) လာပေးတာ"

ပြောရင်း ဒေါ်လေးပါးကို နမ်းလိုက်တော့ ဒေါ်လေးက သူမပါးလေးကို လိမ်ဆွဲကာ

"လိမ္မာလိုက်တဲ့ တူမလေး၊ ယောက်ျား မရပါစေနဲ့ တော်"

"ဟာ ဒေါ်လေး ယောက်ျား မရရင် မဒီ အပျိုကြီး ဖြစ်သွားမှာ ပေါ့၊

ဒေါ်လေးနော် ပါးစပ် ပုတ်ကြီးနဲ့ ၊ ဒီမှာ အသက်နှစ်ဆယ့်လေးနှစ်ကျော်တာတောင် ရည်းစားမရသေးလို့ စိတ်ညစ်နေတာ”

“အမလေး ရည်းစားမရ ယောကျ်ား မရတာ ဘာလို့ စိတ်ညစ်စရာရှိရမတုန်း၊ အဲဒါ အပူ တွေပဲ့ အပူတွေ ”

“ဒေါ်လေးယောကျ်ား ရဖူးလို့ အပူတွေမှန်းသိတာလား”

“ရမှ ပဲသိရမှာ လား အေ၊ ငါတို့ အမျိုးထဲမှာ ညည်းအဖေ မောင်ကောင်းမြတ်တစ်ယောက်ပဲ အိမ်ထောင်ရေးကံကောင်းတာ၊ ညီမအရင်းမောင်အရင်းတွေက တစ်ယောက်မှ ကို အသုံးမကျဘူး၊ မွေးလိုက်ကြတာလည်း ကလေးတွေက သောက်သောက်လဲ၊ အဲဒါတွေကို စိတ်ကုန်လွန်းလို့ ဒေါ်လေး ဒီရောက်လာတာပေါ့”

“အဲဒါဆို သူတို့ ကို ကျေးဇူးတင်ရမယ်”

“ဘာလို့ လဲ”

“ဩော် သူတို့ ကြောင့် ဒေါ်လေးက မဒီဆီကို ရောက်လာတာလေ၊ မဟုတ်ဘူး လား ချစ်ဒေါ် လေးရဲ့ ”

“ဟဲ့ ပလုတ်တုတ် ကိုသံချောင်းနဲ့ ငါနဲ့ ရ၊ ဩော် ဒီကလေး”

ခါးတို့ လျှင် ယောင်တတ်သော ဒေါ်လေးကြောင့် ရယ်မောရသည့်အချိန်တွေတော့ ရှိခဲ့ပါသည် ။

အရင်က ကျောင်းနဲ့ အိမ်၊ နောက်တော့ဘွဲ့ရပြီး သင်တန်းတွေ လျှောက်တက်။

အခုတော့ Beauty Saloon လေးဖွင့်ပြီး ဝန်ထမ်းသုံးယောက်နှင့် အထာကျသွားခဲ့တာ။

ဒါလည်း ဆိုင်နဲ့ အိမ်ပါပဲ။ ဖေဖေရဲ့ အရှိန်အဝါ ဆုံးမသွန်သင်မှုအောက်မှာ စည်းကမ်းတကျ နေထိုင်လာရင်းနှင့် ဘဝမှာ ပြည့်စုံမှုတွေရှိပေမယ့် ပျော်ရွှင်မှုတွေ နည်းပါးနေခဲ့ခြင်းပင်။ ဘာရယ်မဟုတ်ဘဲ ဆာလောင်မှုတစ်ခုကတော့ ပြင်းပြနေစွာဖြင့်...။

*

# အခန်း (၂)

"ညကျ အိမ်လိုက်အိပ်ရမယ်"

"ဘာလုပ်မလို့ လဲ"

"ဖေဖေက ငါ့ကို မွေးနေ့လက်ဆောင် ကားဝယ်ပေးထားတယ်၊ အဲဒါ ကားမောင်းပြန်ကျင့်မလို့ ၊ နင်အဖော်လိုက်ပေးရင်းနဲ့ အိမ်မှာ ပဲ အိပ်လိုက်တော့"

"အမလေး ဘုရားသခင် အိမ်လိုက်အိပ်ရတာ ကိစ္စမရှိပါဘူး၊ နင် ကားမောင်းကျင့်မယ့် ဘေးမှာ ထိုင်လိုက်ပေးရမှာ တော့ မဖြစ်ဘူးထင်တယ်"

"ဟဲ့ ဘာဖြစ်လို့ လဲ"

"မတော်တရော် အက်ဆီးဒင့်တွေ ဘာတွေဖြစ်တော့ ဘယ်လိုလုပ်မလဲ"

"ဖြစ်စရာလား ဖေဖေ့ ဒရိုင်ဘာက သိမ်ဖြူကွင်းထဲ့အထိ လိုက်မောင်းပို့မှာ ၊ ပြီးရင် ဖေဖေ့ကို ညှော်ခံပွဲလိုက်ပို့ဖို့ ပြန်သွားလိမ့်မယ်၊ အပြန်ကျ တစ်ခါလာခေါ်မှာ အဲလိုလုပ်ရင် မြို့ထဲတွေမောင်းဖို့ ငါကျွမ်းကျင်သွားပြီ"

"ထားပါတော့ ဆိုင်ကို အစောကြီးပိတ်မှာ လား၊ အရင်လို ညခုနစ်နာရီလောက်မှ ပိတ်ရင်တော့ သိမ်ဖြူကွင်းထဲမှာ မှောင်နေမှာ ပေါ့"

“သုံးရက်လောက်တော့ ငါးနာရီလောက် ပိတ်လိုက်မယ်ဟာ”

“ပြီးရော”

သော်တာက စကားပြောလျှင် ပြီးရောဆိုတာနှင့် အဆုံးသတ်တတ်သည် ။ နားပူမခံနိုင်သလို ဟိုလိုလို ဒီလိုလိုနှင့်လည်း ရှောင်ထွက်သွားချင်၏။

အခုလည်း ထမင်းချိုင့်တွေကို ဖွင့်ပြန်ဆင့်နေကာ နေရာက ထသွားဖို့ ပြင်နေသည် ။ မယ်မဒီက သော်တာလက်ကိုဆွဲထားပြီး

“ဘယ်လိုဖြစ်နေတာလဲ ဒီမှာ စားလို့ တောင်မပြီးသေးဘူး”

“ဘယ်လိုလုပ်ပြီးမှာ လဲ ထမင်းစားရင်း စကားများ နေတာကို၊ ဂျပန်ခေတ်သာဆို ဗုံးကျဲ ခံရလို့ သေမှာ ”

“ဟဲ့ ဒီမိုကရေစီရနေပြီ၊ အဲဒီခေတ်က အကြောင်းတွေ လာပြောမနေနဲ့ ၊ ဒီမှာ နင့်အမေ ချက်ပေးလိုက်တဲ့ ငပိရည် ငပိချက်က ကောင်းလွန်းလို့ မထနိုင်တာ၊ တကယ် လက်ရာကတော့ စွဲနေပြီ၊ နင့်အမေကို ကျေးဇူးတင်တယ်လို့ ပြောလိုက်ဦး ”

“အေး အမေကလည်း နင့်ကို ကျေးဇူးတွေ တင်နေတာပါ၊ နင်က ဆိုင်မှာ ဝယ်စားမယ့် ပိုက်ဆံနှစ်ထောင်ကို အိမ်မှာ ပေးပြီး ချက်ခိုင်းတော့ တို့ တစ်မိသားစုလုံးစားဖို့ ဈေးဖိုးလောက်တယ် ဟ၊ ငါရတဲ့ လစာက ဆန်ဖိုးနဲ့ ကလေးတွေ ကျောင်းစရိတ်ကိုလောက်တယ်၊ အဖေ လက်သမားလုပ် လို့ ရတဲ့ ပိုက်ဆံက အိမ်လစာနဲ့ အိမ်မှာ လိုအပ်တဲ့ စရိတ်ရတာပေါ့ ”

“နင့်မောင်လေးနဲ့ ညီမလေးတွေ ကျောင်းအပ်ရမယ့် အချိန်တိုင်း ကုန်ကျစရိတ်ကို ငါ ပေးမယ်နော်”

"လတိုင်း ကျူရှင် လခပေးနေတာပဲဟယ်၊ အဲဒါကို စိတ်ထဲမထားပါနဲ့ "

"ဘာလို့ မထားရမှာ လဲ၊ ငါ ကုသိုလ်ရတဲ့ ဟာကို တခြားလိုအပ်တာရှိရင်လည်း ပြော၊ နင့် အခက်အခဲကို ငါ အမြဲကူညီမယ်လို့ ပြောထားတာပဲ"

"အေးပါ နင့်ကျေးဇူးတွေက ဆပ်လို့ မကုန်တော့ပါဘူး၊ ငါအားတောင်နာ လာပြီ"

"အားနာစရာလား၊ သူငယ်ချင်းချင်းကို "

"အေးဟယ် နင့်ကျတော့လည်း အဲလို လှူဒါန်းပေးကမ်းနေလို့ လားမသိဘူး၊ ပြည့်စုံရုံမက ဘူး၊ ပိုလျှံတောင်နေသေးတယ်နော်၊ ဒါတောင်ကိုယ့်ဘဝကိုယ် စိတ်တိုင်းမကျသလိုလိုနဲ့ "

သော်တာ စကားကြောင့် စားသောက်ပြီးသွားသော ပန်းကန်တွေကို သော်တာဘက် ထိုးပေးလိုက်ပြီး မယ်မဒီ ပြုံးလိုက်သည် ။

"လူအကြိုက် နတ်မလိုက်နိုင်တဲ့ နင် မကြားဖူးဘူးလား"

"လိုတာမရ ရတာမလိုဆိုတာလည်း ပါသေးတယ်၊ မြန်မာစကားပုံကို ဘယ်သူမှ လိုက်မမီ ဘူး"

"အင်း ဟုတ်တယ်နော် ငါလည်း အဲလိုပဲ၊ ကိုယ် နေထိုင်ရတဲ့ဘဝကြီးကို သမားရိုးကျ ဆန်လွန်းတယ်လို့ ထင်မိတယ်"

"အဲဒီလိုနဲ့ အပျိုဟိုင်းကြီးဖြစ်တော့မယ်"

"ဘာအပျိုဟိုင်းရမှာ လဲ၊ အသက်နှစ်ဆယ့်သုံး နှစ်ဆယ့်လေးအရွယ်က ရင့်ကျက်ကာစ ဣန္ဒြေ ရှိတဲ့ အရွယ် တည်တည်ငြိမ်ငြိမ် စဉ်းစားတ

တ်ပြီပေ့ါဟာ၊ အမှားအယွင်းနည်းတာပေ့ါ”

“ဂလုံ ဂလွမ်”

“ဟဲ့ ဘာဖြစ်တာလဲ”

မယ်မဒီကို လျောင်ပြောင်ချင်စိတ်များ ဖြင့် ဆင့်နေသော ချိုင့်တွေအံ လွဲကာ သံစုံမြည်သွားသည် ။ မယ်မဒီက အထာသိကာ လက်မောင်းကို လှမ်းရိုက်ပြီးမေးတော့ စပ်ဖြဲဖြဲမျက်နှာနှင့် လှည့်လာကာ

“အသက်လေးဆယ်ကျော် ငါးဆယ်ကျော်တွေ မှားနေတာကျတော့ အရွယ်လွန်အမှားလို့ ပြောမလို့ လား၊ လူရဲ့ အသိဉာဏ်က အသက်အရွယ်နဲ့ မဆိုင်ဘူး၊ အသိတရားနဲ့ ပဲ ဆိုင်တယ်၊ နင်က မရလို့ မယူခဲ့တာမှ မဟုတ်တာ၊ အသိဉာဏ်နဲ့ ရွေးချယ်စဉ်းစားနေလို့ မရခဲ့တာပါ၊ ဟုတ်တယ် မဟုတ်လား”

“အချစ်က အဓိက ဟဲ့”

“ဘာ”

“မချစ်သေးလို့ မမှားခဲ့တာ၊ ချစ်တတ်လာရင် အဲဒီလူကို ချစ် လာပြီ ဆိုရင် အမှားလုပ်ရမှာ ကို ဝန်မလေးတော့ဘူး၊ ကိုယ့်ကိုယ်ကိုယ် မှားနေ လည်း မှားမှန်းမသိတော့ဘူး၊ အချစ်က အမှောင်ဖုံးတဲ့ ဓာတ်ပါတယ်”

“အဲ ဝိပဿနာတွေ ဘာဝနာတွေ ပါ လာပြီ၊ အဲဒါကြောင့် အသက်အရွယ် ရလာပါပြီလို့ ပြော တာ”

“သော်တာ အစုတ်ပလုပ် သေတော့မယ်၊ သွား သွား ပန်းကန်သွား ဆေးတော့၊ ပြီးရင် အဖြောင့်ခေါင်းတစ်ခေါင်း နင် ကိုင်ပေးလိုက်၊ ငါက မော်ဒယ်တစ်ယောက်နဲ့ မိတ်ကပ်လိမ်းဖို့ ချိန်းထားတာ ရောက်လာတော့ မယ်”

“အေး ရောက်လာမှ ကူပါကယ်ပါ လာမလုပ်နဲ့ ”

“မလုပ်ဘူး ညို့မီနဲ့ စိုးစိုး ရှိတယ်”

နှစ်ယောက်သား စကားများများ ပြော လာပြီဆို ဤသို့စိတ်ကောက်တတ်ကြသည် ။ ပြီးလျှင် ဘာမှ မဟုတ်တော့ဘဲ ပြန်လည်သင့်မြတ်သွားကြသည် သာ။

ညနေရောက်တော့ ဆိုင်စောစောပိတ်ပြီး လမ်းမှာ မုန့်တီဝင်သောက်ကြသည် ။ မယ်မဒီက နောက်ခံအင်အားနှင့် ကိုယ်ပိုင်အရည်အချင်းနှင့် ကြီးကျယ်ခမ်းနားစွာ နေသင့်သော်လည်း ပါဝါမကြီး အထာမကိုင်တတ်ပေ။

ဖေဖေရှေ့မှာ စည်းကမ်းနှင့် ထိန်းချုပ်နေရသမျှ ကွယ်ရာမှာ ဆို စိတ်ထဲရှိသလို လွတ်လပ် ပေါ့ပါးစွာပဲ နေသည် ။

ထမင်းဟင်းတောင် ဟိုတယ်တွေ စားသောက်ဆိုင်တွေက မှာ မစားဘဲ ဈေးဖိုးပေး၍ သော်တာ အမေ ချက်ပေးတာကိုပဲ မြိန်ရေယှက်ရေ စားတတ်တာပါ။

သူမက ပကာသနနှင့် ဟန်ဆောင်ရတာကို မုန်းသည် ။ ပွင့်လင်းရိုးသားစွာ နေထိုင်ရင်းဖြင့် ဘဝကို မိမိဆန္ဒတွေအတိုင်း ပေါ့ပေါ့ပါးပါး လေးပဲ ဖြတ်သန်းချင်တာ။

နေလုံးကြီးက အနောက်ဘက်ကို တရွေ့ရွေ့။

*

# အခန်း (၃)

"ဟယ် မဒီ မဒီ ဖြည်းဖြည်း"

"သိပ်မအော်ပါနဲ့ ဟ၊ ဒီမှာ ဘာလုပ်ရမှန်းမသိ ဖြစ်နေရတဲ့ အထဲ"

"ကားက ယမ်းယမ်းနေတာကိုးဟဲ့၊ ဘ ဘရိတ်အုပ် လိုက်လေ တိုက်တိုက်မိတော့မယ်"

သော်တာ စွတ်အော်နေတော့ လူက ဘာလုပ်လို့ လုပ်ရမှန်းပင် မသိတော့။ သင်ထားတာလည်း ကြာပြီဆိုတော့ လူက မေ့ချင်ချင်ရယ်ပါ။

စိုးရိမ်စိတ်များ နေလို့ စိတ်လှုပ်ရှားပြီး ကားက ဂနာမငြိမ်တော့တာလည်း ဖြစ်နိုင်သည် ။

"ဒုန်း"

"အမလေး သွားပြီ"

တစ်ခုခုကို တိုက်မိလိုက်မှ ကားကို ဘရိတ်အုပ်ရမှန်း သတိရတော့သည် ။ သော်တာက ကြောက်အားလန့်အားဖြင့် လက်နှစ်ဖက်ဖြင့် မျက်စိကို အုပ်ထား၏။

ပါးစပ်ကလည်း ဘုရားစာတွေ ကပေါက်တိကပေါက်ချာ ရွတ်နေသည် ။ သူမမှာ တော့ မျက်လုံးပြူး မျက်ဆံပြူးဖြင့် ကပျာကယာပင် ကားအောက်ဆင်းကြည့်ရ၏။

လမ်းဘေးထိ ချော်ဆင်းသွားသော ကားက ကားရှေ့ဘန်ပါ အနည်းငယ် ပွန်းပဲ့သွားသည် ။

"အမလေး ဖေဖေ ဆူတော့မှာ ပဲ၊ ကားလည်း မောင်းခိုင်းတော့မှာ မဟုတ်ဘူး ၊ ဘယ်လိုလုပ်ရ မလဲ သော်တာ၊ သော်တာ ဆင်းခဲ့ဦး ကားအောက်ကို"

"ဟင် ငါ ငါ မသေဘူးနော်၊ ငါ့လက်ကို ကိုင်ကြည့်ပါဦး၊ ငါ မသေတာ သေချာလားလို့ "

"ဩော် အရေးထဲမှ ဒုက္ခပါပဲ ကဲ"

"အား"

ဆွဲဆိတ်ပစ်လိုက်မှ မျက်လုံးကို ဖွင့်ကြည့်ပြီး သော်တာ အားခနဲ အော်သည် ။

"ဟယ် နင့် နင့်ကားလေး"

"ဟုတ်တယ် ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး၊ ဒီလိုဖြစ်တာသိရင် ဖေဖေက ငါ့ကို ကားပေး မောင်းမှာ မဟုတ်ဘူး "

"ဒီနားမှာ ကားဝပ်ရှော့တွေ ကားမောင်းသင်တန်းတွေ ရှိတာပဲ၊ နည်းနည်း ပတ်တီးလေး ဘာလေး လုပ်ကြည့်ပေါ့၊ သိပ်မှ မများ တာ"

"နင်ပဲ အပြောကောင်းတယ်၊ မသေသပ်ရင် ဖေဖေ သတိထားမိသွားမှာ ပေါ့"

"အေး ကားရှေ့ကြီးမှာ ဆိုတော့ ခက်တော့ ခက်သားနော်၊ ဒါပေမဲ့ ဒီအတိုင်းကြီး အိမ်ပြန် သွားရင် ပိုဆိုမှာ ပေါ့ဟ"

"အဲဒါဆို ဝပ်ရှော့ကို မောင်းသွားရအောင်"

“ဘုရားသခင် မလုပ်လိုက်ပါနဲ့ ရှင်၊ ဝပ်ရှော့ဆရာကို သွားခေါ်ပြီး သူ့ကိုပဲ မောင်းခိုင်းလိုက် ရအောင်ပါ၊ ငါ သွားရှာပြီး ခေါ်လာခဲ့ပါမယ်၊ ဒီနားကပဲ စောင့်ပါ မယ်မင်းကြီးမ”

သော်တာက သူမကို မယုံကြည်ဟန်ဖြင့် ခပ်သုတ်သုတ်ပင် ပြေးထွက်သွားပြီး ဆယ်မိနစ်ပင် မကြာလိုက်ဘဲ လူတစ်ယောက်နှင့် ပြန်ရောက်လာ၏။

အပြာရင့်ရင့် ဂျင်းဘောင်းဘီနှင့် တီရှပ်အသားရောင်လေးမှာ ဆီကွက်တွေ စွန်းထင်းနေပြီ။ မျက်နှာမှာ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေး စိမ်းစိမ်းတို့ ခပ်ရေးရေးတွေ့ရပေမယ့် အသက်အရွယ်က နှစ်ဆယ်ကျော်လေးသာ ရှိဦးမည်ဟု ခန့်မှန်းလို့ ရနေသည် ။ မယ်မဒီ နှာခေါင်းလေး ရှုံ့သွားမိရင်း

“ဟဲ့ သော်တာ နင့်ဟာ ဟုတ်ပ့ါမလား”

“ဘာမဟုတ်တာလဲ”

“ကားလုပ်ဖို့ ခေါ်ခိုင်းတာလေ၊ လူက နှံပြည်စုတ်လောက်ပဲရှိတယ်”

“သူများကိုတော့ ပြောတတ်တယ်၊ နင်ကရော ဘယ်လောက်အကောင်ကြီးနေလို့ လဲ၊ ပေးလိုက် ကားသော့”

“နေပါဦး နင်က သူ့ကို ဘယ်ကခေါ်လာတာလဲ၊ သူတို့ ဆိုင်က ဒါမျိုးတွေရော လုပ်တတ်လား မေးကြည့်ဦး”

“ဟဲ့ သူတို့ ဆိုင်မှာ သူက ဆရာကြီး၊ သူ့ထက်ကြီးတဲ့ သူ ဘယ်သူမှ မရှိလို့ သူ့ကိုခေါ်လာတာ၊ မောင်လေး မင်းနာမည် ပြောလိုက်ပါဦး၊ ခုနက မင်းပြောတာ အစ်မ မေ့သွားလို့ ”

“ရဝေ”

"ဘာ ဘယ်သူ"

နာမည်က ခပ်ဆန်းဆန်းမို့ သေချာအောင် မယ်မဒီ မေးလိုက်သည် ။ ကောင်လေးက မျက်ခုံးမွေးထူထူစိမ်းစိမ်းများ ဖြင့် မျက်ဝန်းများက မည်းနက်ရွှန်းတောက်နေသည် ။ အရပ်အမောင်းက မနိမ့်မမြင့် အနေ တော်လေးဖြင့် နှုတ်ခမ်းများက မရယ်မပြုံးသော်လည်း ကြည့်ကောင်း နေသည် ။

သူမကို မျက်လုံးတစ်ချက် ပင့်ကြည့်လိုက်ပြီး

"ရဝေပါ ကျွန်တော့်နာမည် ရဝေ"

"သြော် အင်း မောင်ရဝေ မမတို့ ကားကို တစ်ချက်ကြည့်ပေးပါ၊ အော်ရယ်ဂျင်နယ်အတိုင်း ဖြစ်ဖို့ တာဝန်ယူနိုင်ပဲ့မလား၊ မဖြစ်နိုင်လို့ ကို ယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိရင် တခြားကောင်းတဲ့ နေရာလေးကို မမ တို့ ကို လမ်းညွှန်ပေးပါ"

"ဟို ရဝေရယ် သူပြောချင်တာက သေသေသပ်သပ် ဖြစ်မလာရင် သူ့ အဖေက ကားပေးမ မောင်းခိုင်းတော့မှာ ကို စိုးရိမ်လို့ ပါ၊ မောင်လေးမ လုပ်နိုင်ရင် တခြား"

"ကျွန်တော့်ကို ယုံကြည်ရင်တော့ အပ်ပါ၊ အကောင်းဆုံး ကြိုးစား ပေးမယ်၊ ကျွန်တော်တို့ ဆိုင်က ကာစတမ်မာ စိတ်တိုင်းမကျမချင်း အ ဆင်ပြေအောင် လုပ်ပေးပါတယ်"

"အေး အေးပါဟယ်၊ ဟဲ့ မဒီ နင်အရမ်းကို လျှာရှည်တာပဲ၊ သူတို့ က အရမ်းအလုပ်ရှုပ်နေကြတာ၊ ငါ မနည်း ပြောပြီး ခေါ်လာရတာဟဲ့"

"အေးပါ ရော့ ကားသော့"

"မတို့ ကားပေါ်တက်လေ"

ကောင်လေးဆီက မ, ဆိုသော အသုံးအနှုန်းကြောင့် သောတာနှင့် သူမ မျက်လုံးချင်းဆုံကာ မျက်ခုံးပင့် ပခုံးတွန့်သွားကြသည် ။ ကောင်လေးကတော့ ခပ်တည်တည်ပါ။

သူမတို့ ကားနှင့် သူမတို့ ကို သူ့ဆိုင်ရှေ့ထိ ခေါ်လာခဲ့သည် ။ ဆိုင်ရှေ့မှာ တော့ ကားနှစ်စီးကို လူလေး ငါးယောက် တစ်ယောက်တစ်လက်လုပ်နေကြတာ တွေ့ရသည် ။ ရဝေဆိုသော ကောင်လေးက ကားကိုရပ်ပြီး ကားအောက်ဆင်းတော့ သူမတို့ ပါ ဆင်းလိုက်ရသည် ။ သူမက အားလုံးကို မျက်လုံးဝေ့ကြည့်ပြီး သော်တာကို လက်ကုတ်ကာ

“ဟဲ့ သူ့ထက်ကြီးတဲ့ သူ မရှိလို့ သူ့ကို ခေါ်လာရတယ်ဆို၊ ဒီမှာ သူတို့ထက်ငယ်တဲ့ သူ တစ်ယောက်မှ မတွေ့ရဘူး”

“ပညာမငယ်တာကို ပြောတာဟဲ့၊ အားလုံးက သူ့ကို ဆရာတင်ထားကြတာတဲ့ ၊ ဒီဝပ် (ခ်)ရှော့ ပိုင်ရှင်လားတော့မသိဘူး”

“မဖြစ်နိုင်ပါဘူး၊ ပိုင်ရှင်ဆိုရင် အဲလိုပေစုတ်စုတ်နေမလား”

သူမတို့ တီးတိုးအတင်းပြောနေဆဲမှာ ရဝေက အနားရောက် လာပြီး

“မတို့ ကားကို မနက်ဖြန် ဒီလိုအချိန်လောက် လာယူလိုက်ပါ”

“ဟင် မဖြစ်ဘူး မနက်ဖြန်ညနေမဖြစ်ဘူး အခုလုပ်ပေးလို့ မရဘူးလား”

“မရဘူး မရဲ့ ၊ ဒီကားနှစ်စီးက မနက်ဖြန်မနက် အပြီးအပ်ရမှာ ၊ ငွေလည်း အပြီးချေ ပြီးသွားပြီဆိုတော့ အချိန်မီအပ်မှ ဖြစ်မှာ မို့ပါ”

“အို တို့ ကားကိုလည်း တို့ အပြီးငွေချေမှာ ပါ ဘယ်လောက်ကျကျ”

“မတို့ ဒီလိုကားစီးကတည်းက တတ်နိုင်တဲ့ သူတွေမှန်း ကျွန်တော်

သိပါတယ်၊ ဒါပေမဲ့ ကျွန် တော်တို့ က ရှေ့မှာ လက်ခံထားတာရှိရင် သူ့စီနီယာအတိုင်း စည်းကမ်းနဲ့ လုပ်ရတာမို့ပါ”

“ဒီဘက်မှာ အခက်အခဲရှိနေလို့ ၊ ငွေပိုပေးရင်တောင် မင်းတို့ မှာ ဘာဝန်ဆောင်မှုမှ လုပ်မပေး နိုင်ဘူးလား၊ ဒါဆို ငါတို့ တခြားဆိုင်ပဲ သွားလိုက်ရအောင် သော်တာ၊ ဒီမှာ အချိန်ပုပ်နေလို့ မဖြစ်ဘူး”

“ရဝေ”

အမြင်ကတ်စွာ အရွဲ့တိုက် ပြောနေချိန်မှာ ပဲ နောက်ဘက်ကဟန်းခနဲ ထွက်လာသော အသံသြသြကြီးကြောင့် သူမတို့ နှစ်ယောက် လည်ပြန်လှည့်ကြည့်မိကြသည် ။

ပိုက်ဆံအိတ် ခပ်ကြီးကြီးကို ချိုင်းကြားညှပ်လျက် စတိုင်ဘောင်းဘီ ၊ စပို့ရှပ်အစင်းကြားကို ဝတ်ထားသော ပုဂိုလ်ကြီးက အသက်ငါးဆယ်ဝန်းကျင်ခန့် ရှိမည်ထင်၏။

ဗိုက်ကရွဲရွဲ၊ နဖူးကပြောင်ပြောင်၊ မျက်နှာက တင်းတင်းဖြင့် အလုပ်ရှင်သူဌေး ဖြစ်နိုင်တာ သေချာသလောက်ရှိသည် ။

ရဝေ ဇက်ပိုးကို ဖြောင်းခနဲ ရိုက်လိုက်တာမို့ မယ်မဒီတို့ မျက်လုံးပင်ပြူးသွားကြ၏။

“မင်းက ကိုယ့်ရဲ့ ကာစတမ်မာကို ဘယ်လိုပုံစံမျိုး ဆက်ဆံနေတာလဲ ”

“ မဟုတ်ဘူး ဦးလေး၊ ဒီကားနှစ်စီးက မနက်အချိန်မီ အပ်ရမယ်လို့ ဦးလေးပဲ ပြောထားတာလေ၊ အဲဒါကြောင့် ကျွန်တော်က”

“အေး ပြောထားတယ်၊ အဲလိုလုပ်ရမယ်ဆိုလည်း မင်းတို့ တစ်ညလုံး မအိပ်ဘဲလုပ်ပေါ့ကွ၊ အခုဒီက ညီမလေးတွေက အရေးကြီးလို့ ပိုက်ဆံ

တောင် ပိုပေးမယ် ပြောနေတယ် မှတ်လား၊ ကိုယ့် ကာစတမ်မာရဲ့ အခက်အခဲကို အဆင်ပြေအောင် လုပ်ပေးတာ အကောင်းဆုံး ဝန်ဆောင်မှုပဲ ကွ”

“ဟုတ် ဟုတ်ကဲ့ ၊ ဦးလေးလုပ်စေချင်တယ်ဆိုရင် ကျွန်တော်လုပ်ပေးမှာ ပါ၊ ဟိုတစ်ခါတုန်းက ဒါမျိုးကို ဦးလေးလက်မခံလို့ ”

“မင်းတို့ ကိုပြောလိုက်ရင် ဆင်ခြေချည်းပဲ၊ အဲဒါကြောင့် မင်းတို့ ကောင်တွေ မကြီးပွားတာ၊ အခစားဝန်ထမ်းဘဝက မတက်တာသိလား ဟိတ်ကောင်၊ ဒီလိုစိတ်ဓာတ်နဲ့ တော့ ဒီထက်နိမ့်ကျတဲ့ ဘဝရောက်ဦးမှာ ”

ကျိန်စာတိုက်နေတာကြီးက နားထဲမှာ ကန့်လန့်ကြီးဝင်လျက်၊ ဆိုးဝါးလှသည် ။ ရဝေ ဆိုသော ကောင်လေးရဲ့ မျက်နှာ၊ ညှိုးငယ်စွာ ဇီးရွက်လောက်သာ ရှိတော့မည်ထင်၏။

ဒီလို အနိုင်အထက် အပြုအမူမျိုးကို မြင်တော့ ရင်ထဲ မကောင်းနိုင်ပေ။

မိမိတို့ ကြောင့်ပဲ ဒီကောင်လေး ဒီလောက်ထိ အပြစ်ပြောခံလိုက်ရသည် လား။ ပညာရှင်တစ် ယောက်လို ဖြစ်နေသည် ဆိုလျှင် ဘာလို့ ဒီလောက်ထိ နှိမ့်ချခံနေရတာလဲ။

ဒီလိုကားပြင်ဆိုင်မျိုး အများကြီးရှိမှာ ပါ။ ဘယ်မှာ သွားလုပ်လုပ် ပေါ့။ အခုတော့ ရဝေဆို တာ ဘယ်လိုဘဝမျိုးက ကောင်လေးလဲဆိုတာ စိတ်ဝင်စားမှုတွေဖြင့်…။

*

# အခန်း (၄)

ဖေဖေကို ကားအက်ဆီးဒင့် ဖြစ်သည့်အကြောင်း ထိန်ချန်ထားပေမယ့် ကားမောင်းပြန်သင်မှ အဆင်ပြေနိုင်တာကို တင်ပြမိသည် ။ ဖေဖေက မနက်စာအဖြစ် သောက်နေသော ကော်ဖီခွက်ကို လက်စသတ်မော့သောက်ပြီးမှ

“သမီး စိတ်မရဲရင် သင်လေ၊ ဖေဖေ့ ဒရိုင်ဘာက ဖေဖေ နေပြည်တော် ခေါ်သွားမှာ ဆိုတော့ သမီးကို သင်ပေးနိုင်မှာ မဟုတ်ဘူး ”

“ဟင် ဖေဖေက နေပြည်တော် သွားရမှာ ”

“အင်း ဟုတ်တယ် သမီး၊ သော်တာကို ဒီမှာ အိပ်လက်စနဲ့ ခေါ်အိပ်လိုက်ပါ”

“သူ့အမေက သိပ်နေကောင်းတာ မဟုတ်ဘူး ဖေဖေရဲ့ ”

“အဲဒါဆို သမီးအခန်းထဲ ဒေါ်လေးကို ခေါ်အိပ်ပေါ့”

“အား ဒေါ်လေးနဲ့ မအိပ်ချင်ပါဘူး၊ အရမ်းဟောက်တာ၊ အသံကျယ်ကြီးနဲ့ ၊ ဟို သမီးက တစ်ယောက်တည်း အိပ်ရလည်း မကြောက်ပါဘူး၊ အိမ်ထဲမှာ လူပိုနည်းသွားတာကို အားမရှိတာ”

“ဟင်း ဟင်း လူများ အောင် ဖေဖေ အိမ်ထောင်ပြုရမလား၊ သမီး အိမ်ထောင်ပြုမလား”

“ဖေဖေကလုပ်ပြီ”

"ဟုတ်တယ် သမီးကို ဖေဖေ့မိတ်ဆွေရဲ့ သားနဲ့ လက်ထပ်ပေးချင်တာ၊ သမီးကို မတိုင်ပင်ရ သေးလို့ ၊ ဟိုဘက်က ကမ်းလှမ်းတာကို ဖေဖေ လက်မခံရသေးတာပဲရှိတယ်"

ဖေဖေ အတည်ပေါက်ပြောနေတော့ သူမ နှာခေါင်းလေးရှုံ့သွားကာ

"သမီးကတော့လုံးဝပဲနော်၊ ကိုယ်နဲ့ တွေ့ဖူးဆုံဖူး ရင်းနှီးတာ မဟုတ်ဘဲ မိဘပေးစားတာ ယူပြီး အိမ်ထောင်ရေး မသာယာတာမျိုးနဲ့ တော့ တစ်သက်လုံး စိတ်ဆင်းရဲမခံနိုင်ဘူး"

"သမီးနဲ့ အဆင်ပြေတဲ့ သူရော ဘယ်တော့တွေ့မှာ လဲ စိတ်တိုင်းကျမ ၊ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မယ်ဆိုရင် သမီး ဒီတစ်သက်အပျိုကြီးဖြစ်တော့မှာ ၊ ယေကျ်ား၊ မိန်းမ လူတစ်ယောက်ယောက်မှာ အမြဲတမ်းလိုအပ်ချက်ဆိုတာ ရှိနေကြတာချည်းပဲ၊ အဓိကက စိတ်ဓာတ်မချို့ယွင်းဖို့ ကိုယ်ကျင့်တရားကောင်းဖို့ အရေးကြီးတယ်ပြီးတော့"

"ဖေဖေ"

သူမ အသံရှည်ဆွဲကာ ခေါ်တော့ ဖေဖေမျက်ခုံးပင့်ကာ ဘာလဲဟု မေး၏။

"အိမ်ထောင်ရေးကို စိတ်ဝင်စားလောက်အောင် သမီးမှာ ချစ်သူကို မရှိသေးဘူး၊ ချစ်သူရှိမှ ဒီလူက အိမ်ထောင်ဘက်အထိ သင့်တော်လား မတော်လား ရွေးချယ်လို့ ရမှာ ပေ့ါ ဖေဖေ၊ ကံအကြောင်းတရားတွေ ရေစက်ပါလာရင် ဘယ်လိုမှ တားလို့ ရမှာမဟုတ်ပါဘူး၊ အခုတော့ ဒီအတိုင်းလေးပဲ သမီးနေရပါစေ"

"ဟုတ်သားပဲကွယ်၊ မင်းကလည်း ငါ့တူမလေးကို ဘာတွေပြောနေ

တာလဲ”

ဘုရားရှိခိုးပြီး ဆင်းလာသော ဒေါ်လေးက အိမ်ထောင်ရေး အကြောင်း ပြောနေတာမကြိုက် သလို ပုံစံမျိုးနှင့် ထိုင်ခုံမှာ ဝင်ထိုင်ပြီး ပြောသည်။ ဖေဖေက

“မမရယ် ကျွန်တော်က သမီးကို အိမ်ထောင်ပြုဖို့ ဇွတ်တိုက်တွန်းနေတာ မဟုတ်ပါဘူး၊ ငယ်ငယ်တည်းက မွေးချင်းမောင်နှမ အဖော်အပေါင်းမရှိဘဲ တစ်ယောက်တည်းနေခဲ့ရတာကို သနား လို့ ပါ၊ ကျွန်တော် ကလည်း အနီးကပ် မနေနိုင်ဘူး မဟုတ်ဘူး ”

“အံမယ်လေး ငါတစ်ယောက်လုံးရှိတယ်၊ အဲဒါများ တွေးပူစရာလား၊ ဆိုင်ရောက်တော့လည်း သူ့မှာ စိတ်ပျော်စရာချည်းပဲ”

“ဟုတ်ပါပြီ၊ မမတူမကို မမပဲ စောင့်ရှောက်ပါ၊ ကျွန်တော်ကတော့ ခရီးထွက်ရမှာ မို့ စိတ်ချလက်ချ ထားခဲ့မယ်”

“မင်းနှယ်ကွယ်၊ ရာထူးတက်မှ ပိုပြီးတောင် ဂနာမငြိမ်တော့ပါလား၊ ကိုယ့်မိဘ အမွေအနှစ် ကျန်ခဲ့တာကာ ဒီတစ်သက် စားလို့ တောင်မကုန်ဘဲနဲ့ အလုပ်ထွက် ပင်စင်နားပါတော့လား”

“နိုင်ငံ့ဝန်ကို နိုင်တဲ့ အထိ ထမ်းရမှာ ပေါ့မမရယ် စားဖြစ်နေဖြစ်တာပဲ ဆိုတဲ့ စိတ်မျိုးပဲ ရှိကြမယ်ဆိုရင် ဒီနိုင်ငံကို ဘယ်သူက ခေါင်းရှုပ်ခံပြီး အုပ်ချုပ်ပါတော့မလဲ၊ ကိုယ့်အိမ်မှာ မိသားစု လေးငါးယောက်ရှိတာတောင် တစ်ယောက်တစ်ပေါက်နဲ့ ၊ စည်းလုံးညီညွတ်မှု၊ နာခံမှုမရှိကြတာ ဘယ်လောက် စိတ်ပင်ပန်း စိတ်ဆင်းရဲဖို့ ကောင်းလဲ၊ ဒါ တစ်အိမ်ထောင်တည်း သွေးသားအရင်း မိသားစုစိတ်ကို ပြောတာနော်၊ နိုင်ငံ့ဝန်ထမ်းလုပ်တယ်ဆိုတာ အထောက်အပံ့ကောင်း၊ လစာ ကောင်းကောင်း ၊ အခွင့်အရေးကောင်းရလို့ အချောင်စိတ်နဲ့ လုပ်လို့ မရဘူး၊ နိုင်ငံနဲ့ လူမျိုး

ကို ချစ်လို့ ပေးဆပ်တဲ့ စိတ်နဲ့ လုပ်မှ ရတာ”

“အမလေး နိုင်ငံရေးတရားဟောနေပြီ၊ မင်းသဘောပဲ မင်းလုပ်ချင်တာလုပ်ပါ၊ နိုင်ငံကို ချစ်တာနဲ့ ငါ့တူမလေးကို ဥပေက္ခာပြုသလို ဖြစ်နေတာတော့ ငါ မကျေနပ်နိုင်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ချစ်မှ ကိုယ့်သွေးသားကိုချစ်တယ်၊ ကိုယ့်သွေးသားကိုချစ်ပြီးမှ ကိုယ့်နိုင်ငံကိုချစ်ကြတယ်ဆိုတာ ယုံတယ်၊ မဟုတ်လို့ ကတော့ ထင်ပေါ်ကျော်ကြားမှုနဲ့ ဂုဏ်ပကာသန မက်တာပဲ၊ တစ်ပြားမှ ငွေကြေးလည်း မရဘူး၊ အခွင့်အရေးလည်း မရဘူးဆိုရင် မင်းလုပ်မလား ရတာနဲ့ တန်အောင် နိုင်ငံတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နေပါတယ်လို့ ပြော အဲဒါ ပိုပြီး ဂုဏ်သိက္ခာရှိတယ်”

“ဟာ ဖေဖေနဲ့ ဒေါ်လေးကလည်း အိမ်တွင်းရေးကနေ နိုင်ငံရေးအထိ ပြောနေတယ်၊ ကဲ သမီးဆိုင်သွားတော့မယ် ဘိုင်ဘိုင်နော် ဖေဖေ”

“အေး အေး သမီး”

ဒီလိုပဲ ခရီးအမြဲထွက်နေကြမို့ သိပ်မထူးဆန်းတော့ပေ။ ဒေါ်လေးပြောသလိုပဲ ဖေဖေက ဘာကိုချစ်မှန်းမသိပါ။

ဒီဘဝမှာ နေသားကျ လာပြီမို့ မိသားစုနည်းသည့် အထီးကျန်မှုကို သူမ ခံနိုင်ရည်ရှိရတော့မှာ ပေါ့။

“ဟယ် တက္ကစီနဲ့ လာတာလား မဒီ၊ နင့်ကား မောင်းမလာခဲ့ဘူးလား”

တက္ကစီကားပေါ်က ဆင်းလာသည့် မဒီလက်ထဲက ဆလင်းဘတ်အိတ်ကို ဆွဲယူရင်း သော်တာ ပြောတော့ သူမ မျက်စောင်းပစ်ထိုးလိုက်သည် ။

“အဲဒီကားကို မြို့ထဲမောင်းလာလို့ ကတော့ အက်ဆီးဒင့်ဖြစ်လို့ ငါ နို ဗ္ဗာန်ရောက်ရုံပဲရှိ တော့တယ်”

“မနေ့က နင့်အဖေ သိလား”

“သိလို့ ကတော့ ကားကိုချက်ချင်းတောင် ပြန်ရောင်းပစ်ဦးမယ်၊ အခု ကားမောင်းသင်တန်း ပြန်တက်ဖို့ ပြောထားတယ်၊ ဟိုကောင်လေးဆိုင် က ကားမောင်းရော စက်ပြင်ရော သင်တန်းရှိတယ် မဟုတ်လား”

“အေးလေ ဘာဖြစ်လို့ လဲ”

“ပိုက်ဆံ ဘယ်လောက်ပေးရ ပေးရ အဲဒီကောင်လေးကို အချိန်ပိုင်း သင်ပေးပါလို့ ပြောရ မလားလို့ ”

“ဟဲ့ နင် အဲဒီကောင်လေးကို စကားပြောကတ်သတ်လို့ အမြင်ကတ် နေတာ မဟုတ်ဘူး လား”

“အမြင်ကတ်တယ်ရယ်တော့ မဟုတ်ပါဘူး၊ အဲဒီနေ့က အလုပ်ရှင်ကို သူပြောတယ်လေ၊ အရင်တစ်ခါတုန်းက ဦးလေးက လက်မခံလို့ ဆိုပြီး”

“အေးဟဲ့ အရမ်းကို ရိုကျိုးကြောက်ရွံ့ရတဲ့ ပုံ ပေါက်တယ်နော်၊ သူ့ပ ညာက မဆိုးပါဘူး၊ အဲဒီ နေ့က နင့်ကားကို လုပ်ပေးလိုက်တာ သေသေ သပ်သပ်နဲ့ မြန်မှ မြန်”

“အင်း”

သော်တာ စကားကို ခေါင်းညိတ်ထောက်ခံကာ ဒီကောင်လေးရဲ့ သွ က်လက်ထက်မြက်မှုကို ပြန်မြင်ယောင်မိသည် ။

“ပညာရှင်တစ်ယောက် ဖြစ်နေတာကို ချိုးနှိမ်ဆက်ဆံခံရတာတော့ တစ်မျိုးပဲနော်၊ အဲဒီနေ့က ကိုယ့်ကြောင့်ဆိုပြီး ငါ တကယ်စိတ်မကောင်း

ဘူး၊ ဟိုလူကြီး အရင်တော့ အဲလိုစည်းကမ်း ထုတ်ထားချင်ထုတ်ထားမှာ ပေါ့၊ ဒါပေမဲ့ ငါက ပိုက်ဆံပိုပေးမယ်ဆိုတာကို မလုပ်ပေးလို့ တင်းသွား တာ”

“သိသာတယ် ငွေမက်တဲ့ မျက်နှာကြီး ကောင်လေး သနားတော့ သ နားစရာပါ၊ မိုးလင်းပေါက် အလုပ်လုပ်ရမှာ ၊ ဒါနဲ့ နင် အဲဒီကောင်လေး နဲ့ တကယ်ကားမောင်းသင်ခိုင်းမလို့ လား”

“လေးငါးရက်တော့ တကယ်ကျွမ်းကျင်တဲ့ သူနဲ့ သင်လိုက်မှ ထင်တ ယ်”

“ဆယ်တန်းအောင်တဲ့ နှစ်က လိုင်စင်ရချင်လို့ သင်ခဲ့တာဆိုတော့ အ ခု မော်ဒယ်အသစ်ကား တွေနဲ့ ပိုဝေးတာပေါ့၊ ကိုယ်စီးမယ့်ကားနဲ့ ထိ တွေ့နီးစပ်မှုရှိမှ ဖြစ်မှာ ၊ ညနေပိုင်းဆိုင်မှာ နင် တာဝန် ပိုယူလိုက်ဟာ၊ ငါ အဲဒီကောင်လေးဆိုင်သွားပြီး ဆွေးနွေးအကူအညီ တောင်းကြည့်လို့ အဆင်ပြေရင် သင်လိုက်မယ်”

“ပြီးရော”

သော်တာက ပြီးရောဆိုတာနှင့် စကားဖြတ်ပြီး သော်တာက သူမ ဆ လင်းဘတ်အိတ်ကို ယူကာ ကောင်တာအံဆွဲထဲထည့်၍ သော့ခတ်သည် ။ ဒီနေ့တစ်နေ့တာအတွက် ဝင်ငွေရှာရတော့မည်လေ။

တစ်နေ့တာ ကုန်ဆုံးမှ လောဘတွေက ချုပ်ငြိမ်းမှာ ။

*